# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၀/ ၂၀၁၈)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့၌ ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော် (၃) ရပ်၏ လစ်လပ်မဲ ဆန္ဒနယ် (၁၃) နေရာအနက် (၆) နေရာသို့ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ သွားရောက်ကာ လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းကဲ့သို့ စောင့်ကြည့် လေ့လာရာတွင် နိုင်ငံတကာရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများက သက်ဆိုင်ရာ ရွေးကောက်ပွဲများကို စောင့်ကြည့်သည့် စံသတ်မှတ်ချက်များအား အခြေပြု၍ လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

၂။ ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်သည့် မဲရုံများအနက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် မိမိတို့ လူအင်အားနှင့်အညီ သတ်မှတ်မဲရုံများ၌ သတ်မှတ်ချိန်များအတွင်း သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် လူ့အခွင့်အရေးစံ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိကို အလေးထား၍ စောင့်ကြည့်လေ့လာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်၊ တာမွေမြို့နယ် မဲဆန္ဒနယ်၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၊ ပဲခူးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) နှင့် မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တို့အတွက် သတ်မှတ်သည့် မဲရုံများအနက် မဲရုံပေါင်း (၂၅) ရုံကို စောင့်ကြည့် လေ့လာခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က စောင့်ကြည့်လေ့လာခဲ့သော မဲရုံတို့၌ မိမိတို့ စောင့်ကြည့်လေ့လာခဲ့သော အချိန်များတွင် ပုံမှန်မဟုတ်သည့် အနေအထား တစ်စုံတစ်ရာ မတွေ့ရှိရပါကြောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးစံများနှင့် အတတ်နိုင်ဆုံး လိုက်လျောညီထွေစွာ ကျင်းပဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်းနှင့် အသေးစိတ် တွေ့ရှိချက်များကို သက်ဆိုင်ရာသို့ အစီရင်ခံစာ တင်သွင်းမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်